# အလှတွင် အယဉ်ဆင့် ဂုဏ်တင့်တဲ့ပန်း – ၁

ဒီကဏ္ဍရဲ့ပွဲဦးထွက်အနေနဲ့ ဂျပန်နိုင်ငံ **Ishidaryu** ကျောင်းအုပ်ကြီး Mr. Shusui Ishida ရဲ့လက်ရာကို တင်ပြသွားမှာဖြစ်ပါတယ်။

**ထည့်ခွက်** – သုံးချောင်းထောက် အဖြူရောင် ကြွေရည်သုတ်ခွက်

**အသုံးပြုပန်းနှင့်ပစ္စည်းများ** – အင်းဂမုန်းရွက်၊ ဒန်းဆင်းလေဒီ အဝါ၊ ဖလီယာနော့ပ်ဆစ်သစ်ခွအဖြူ၊ **Baby's breath** ခေါ် ပုလဲပေါက်ပန်းနဲ့ အရောင်ချွတ်ပြီး ပြုပြင်ထားတဲ့ မိုးမခကြိမ်နွယ်တစ်ခွေ။

**ထိုးနည်းအဆင့်ဆင့်**

၁– သုံးချောင်းထောက်ခွက်ကို မိုးမခကြိမ်နွယ်တစ်ခွေနဲ့ပတ်လျှိုပြီး အဖျား နှစ်ဖက်ထောင်နေအောင် ပြင်ဆင်ပါ။

၂– အင်းဂမုန်းရွက်လေးရွက်ကို ဟန်ချက်ညီအောင် သံစူးနဲ့ထိုးပါ။

၃– ဖလီယာနော့ပ်ဆစ်သစ်ခွပန်းအဖြူကို မျက်စိအာရုံဖမ်းမယ့် ရှေ့ဆုံးအလယ် တည့်တည့်နေရာမှာ ထိုးပါ။

၄– ပြီးမှ ကပ်လျက် ဒန်းဆင်းလေဒီကို ထိုးပါ။

၅– နောက်ဆုံး ဟာနေတဲ့ရှေ့နဲ့နောက်ဘက်ခြမ်းမှာ ပုလဲပေါက်ပန်းကို ဟန်ချက်ညီအောင် မျှပြီးထိုးသွားပါ။

ပုံမှာတွေ့တဲ့အတိုင်း လုပ်ပြီး ဆွဲဆောင်မှုအပြည့်ရှိတဲ့ ပန်းအလှပြင် ပြီးသားတစ်ခုကို ရရှိလာမှာဖြစ်ပါတယ်။ ပုံကိုကြည့်ပြီး လက်တွေ့ထိုးကြည့်ကြရအောင်။

